
သုဝဏ္ဏ
ပဉ္စလက်မောင်မောင်
နှင့်
စက်လူရုပ်ကျွန်း

(စာညွှန်း)

လောကဌ် မောင်မောင်ဟု အမည်ရသည့် ယောက်ျားပေါင်း ရာထောင်သိန်းသန်း ရှိခဲ့ချေ၏။ ရှိနေချေ၏။ ထိုသို့သော ... မောင်မောင်အမည်ရ ယောက်ျားများ စွာတို့ တွင် မှ ၊ သူလိုငါလို မောင်မောင်မျိုး မဟုတ်။ ယောက်ျားတကာတို့ စိတ်ကူးမျှပင် မကြံစည်ဝံ့သော စွန့်စားခန်းများ စွာကို လက်ရုံးရည် နှလုံးရည်ဖြင့် ကြံစည်လုပ်ဆောင် စွန့်စားဝံ့သူ လူထူးဆန်း မောင်မောင်။ မိမိလိုချင်သည့် အရာ တစ်ခုခုအတွက် ဆိုလျှင် သာမန်လောက ဒေသဝယ် ရှိသည့် သာမန်အရာ ကိစ္စမျိုးကို မဆိုထားလင့်၊ ယမမင်းထံမှ ငရဲမှတ်တမ်းကိုပင်လျှင် အသက်စွန့် လုယူဝံ့သူ လူထူးဆန်း လူစွန့်စားကြီး မောင်မောင်။ သူလိုငါလို မောင်မောင် မဟုတ်သည့် ပဥ္စလက်မောင်မောင်။

လူမသိ သူမသိ လျှို့ဝှက်သော ကျွန်းတစ်ကျွန်းတွင် နေထိုင်လျက် စက်ကြိုး ယန္တရား အတတ်ဌ် တစ်ဖက်ကမ်းခပ် တတ်ကျွမ်းကြသည့် မောရိယ လူမျိုးစုများ ။

ပဥ္စလက်မောင်မောင်၏ ရန်သူတော် မနောမယ ဂိုဏ်းသားများ ၏ အန္တရာယ်။

အသက်လေးရာကျော် ရှိသော်လည်း ဆယ့်ရှစ်နှစ် သမီးကဲ့သို့ နုပျိုလှပသူ မောရိယကျွန်း၏ ကျွန်းကြီးအရှင် သခင်မ အာသာဝတီဒေဝီ။

မောရိယကျွန်းမြို့မှ စက္ကောမယန္တရား အတတ်ကို သင်ယူပြီးနောက် ထိုကျွန်းမှာ ရာသက်ပန် မနေထိုင်ဘဲ ထွက်ပြေးကြသူများကို ရေဆုံးရေဖျား ရှာဖွေ၍ ခေါင်းဖြတ် သတ်တတ်သည့် သံလျက်ကိုင် စက်လူရုပ်များ ။

သန်လျက်စွဲ စက်လူရုပ်တို့ စောင့်ကြပ်သည့် လူဦးခေါင်း သဏ္ဌာန် လိုဏ်ဂူထဲ၌ လျှို့ဝှက် သိမ်းဆည်းထားသော စက္ကောမ ယန္တရား အတတ်တို့ ၏ မူလဘူတ ဖြစ်သည့် ဘူတာဝါဟနကျမ်းခေါ် စက်ကြိုး ယန္တရား ကျမ်း။

ထိုကျမ်းကို ရလျှင် မြန်မာပြည်ကြီး စည်ကား တိုးပွားစေမည် ဟူသော ရည်ရွယ်ချက်ဖြင့် ၎င်းဘူတာဝါဟနကျမ်းအား အသက်စွန့်၍ ခိုးယူခဲ့သည့် ပဥ္စလက်မောင်မောင်နှင့် တပည့်များ ။

ချစ်သူ၏ သတင်းဆိုလျှင် ဒဏ္ဍာရီဆန်ပါစေ၊ သတင်းကြားရာ ထိုအရပ်သို့ ရေမြေဆုံးစေတော့ ရှာပုံတော်ဖွင့်မည့် ချစ်သူပျောက်ရှာသူ အချစ်သူရဲကောင်း မောင်မြတ်လှ။

စသည် စသည် ဖြင့် ...

ဂမ္ဘီရဆန်းကြယ် သည်းထိတ်ရင်ဖို စွန့်စားခန်းများ ရောပြွမ်းထုံမွှန်းလေသည့် ... စာရေးဆရာ သုခနေ၏ ...

"ပဥ္စလက်မောင်မောင်နှင့် စက်လူရုပ်ကျွန်း ''

ဂမ္ဘီရဆန်းကြယ် စွန့်စားခန်း ဝတ္ထုရှည် ...

*****